OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER, MYANMAR

OJEIC သည် ဂျပန်သို့ သွားရောက်လိုသူများအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနေပါသည်။ ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် သတင်းအချက်အလက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ ဗီဇာနှင့်တကွ အခြားနေထိုင်စားသောက်ရေးစသည့် မည်သည့်ကိစ္စရပ်မဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ ဆွေးနွေးတိုင်ပင်မှုအားလုံးကို အခမဲ့ ဝန်ဆောင်မှု ပေးပါသည်။ ဂျပန်နိုင်ငံ အစိုးရ ပညာရေးဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော ရုံးခန်းဖြစ်ပါသည်။

## Services and Activities

* ဂျပန်သို့ ပညာသင်သွားလိုသူများအတွက် ဆွေးနွေးပေးခြင်း။
* ဂျပန်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်ရန် လမ်းညွှန်စာအုပ်များထားရှိခြင်း၊ Facebook မှ သတင်းပေးခြင်း စသည်ဖြင့် ပံ့ပိုးပေးခြင်း။
* Study in Japan Fair ကျင်းပပေးခြင်း။

- မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ အထက်တန်းကျောင်းများအား ဂျပန်ပညာသင်ခြင်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ပေးခြင်း။
- ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ မြန်မာနိုင်ငံမှ ပညာသင်သွားရောက်မှုနှင့် အခြေခံပညာ အထက်တန်းပညာရေး အချက်အလက်များ ပို့ဆောင်ပေးခြင်း။
- အခြားသော ပညာသင်ကျောင်းသားဖလှယ်ရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။

## OJEIC

Okayama University Japan Educational Information Center, Myanmar





**Yangon Office**
The Japan Foundation, Yangon
1st Floor, No.70, Nat Mauk Lane (1),
Bahan Tsp, Yangon
Phone : 09-784 716 570, 09-261 841 054

Opening Days : Monday to Friday
Opening Hours : 8:30-17:00

**Mandalay Office**
MABA Office, 1st Floor, Room 3, Block 1,
Unit #6, Water Street, Mingalar Mandalay,
Chan Mya Thar Si Tsp, Mandalay
Phone : 09-459 343 340

Opening Days : Monday to Friday
Opening Hours : 9:30-16:30

Web: http://www.okayama-u.ac.jp/user/myanmar/index.html
Facebook : https://www.facebook.com/StudyinJapanOfficeYangon
Telegram : https://t.me/ojeicmyanmar

" ကြိုတင်ဘွတ်ကင်ယူခြင်းဖြင့် အွန်လိုင်းဆွေးနွေးမှု ပြုလုပ်နိုင်ပါသည်။ "


Published: April, 2025. Not for Sale. All rights reserved.

Myanmar

2025 - 2026

# STUDY IN JAPAN

## အခြေခံလမ်းညွှန်စာအုပ်




Independent Administrative Institution
Japan Student Services Organization
JASSO

STUDY in JAPAN

# 10 QUICK FACTS ABOUT JAPAN

## ဂျပန်နိုင်ငံ၏ အခြေခံအချက်အလက်

| | |
|---|---|
| ဧရိယာ | ၃၇၈,၀၀၀ km² ခန့် |
| လူဦးရေ | ၁၂၄,၃၅၂,၀၀၀ ဦးခန့် |
| မြို့တော် | တိုကျို |
| ငွေကြေး | ယန်း (¥) |

**ဂျပန်လူမျိုး နိုဘဲလ်ဆုရှင်ဦးရေ**
၃၀ ဦး

**UN အတွက်ထောက်ပံ့မှု**
၃ အဆင့်

**ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု**
၃ အဆင့်

**QS World University Rankings 2025 TOP 1,000 တွင်ပါဝင်သောတက္ကသိုလ်**
၂၈ ကျောင်း

**လုပ်ငန်းသုံးစက်ရုပ် အသုံးချမှုအရေအတွက်**
၂ အဆင့်

**ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်အရေအတွက်**
၂၆ ခု

**ကမ္ဘာတွင် ငြိမ်းချမ်းမှုအဆင့် (အာရှအတွင်း)**
၃ အဆင့်

**ကမ္ဘာ့အကောင်းဆုံးမြို့ကြီး (၁၀) မြို့စာရင်းတွင် ပါဝင်သောမြို့အရေအတွက်**
၁ မြို့ (တိုကျို)

**ကားတင်ပို့မှုအဆင့်**
၁ အဆင့်

ကိုးကား • Kids Ministry of Foreign Affairs, Various World Knowledge Ranking (https://www.mofa.go.jp/index.html • Condé Nast Traveler (Readers' Choice Awards 2024) • Global Peace Index 2024 • UNESCO World Heritage List (https://whc.unesco.org/en/list) Japan Robot Association (https://www.jara.jp/e/index.html) • Statistics Bureau of Japan • The Nobel Foundation • Ministry of Foreign Affairs of Japan, Major Economic Indicators • Japan Automobile Manufacturers Association (https://www.jama.or.jp/english/)



# ABOUT

ဂျပန်နိုင်ငံသည် မည်သို့သော နိုင်ငံမျိုးဖြစ်သနည်း။
ဆွဲဆောင်မှုတွေများပြားလှတဲ့ ဂျပန်နိုင်ငံတွင် ပညာသင်ယူပါက
သင်၏အိပ်မက်ဆီသို့ ရှေ့တစ်လှမ်းပိုမိုနီးစပ်ပါလိမ့်မယ်။

## Why Study in Japan?

Izumo Kagura © iku



ဂျပန်နိုင်ငံမှာတော့ Japanese Tea Ceremony နှင့် Kabuki ပြဇာတ် ၊ Budō (ဂျပန်ရိုးရာကိုယ်ခံပညာ) စသည့် ရိုးရာယဉ်ကျေးမှု နှင့် ကာတွန်း၊ အယ်နီမေးရှင်း စသော လူကြိုက်များသည့်ယဉ်ကျေးမှုများပါ အတူယှဉ်တွဲတည်ရှိနေပါသည်။

ပင်လယ်နှင့်တောင်တန်းတို့ ဝန်းရံနေသော ဂျပန်နိုင်ငံတွင် နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း ဆိုသည့်လေးရာသီအလိုက် အမျိုးမျိုးသော သဘာဝ ရှုခင်းများကို ပျော်ရွှင်ခံစားနိုင်မှာ ဖြစ်ပါသည်။

Hot springs in winter
(Ginzan Onsen, Obanazawa City)
© Koichi_Hayakawa



### Culture



Yahiko Shrine Sumo Wresting Ring © Yahiko Village

### Nature



Mount Fuji and autumn leaves by Lake Kawaguchi © Koichi_Hayakawa

### Science & Technology

Calming time © yuranii



### Food

Sushi





ကျည်ဆံရထား

ဂျပန်နိုင်ငံရဲ့ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အဆင်ပြေတဲ့ နေထိုင်မှုကို ကမ္ဘာ့အဆင့်မြင့်ဆုံး သိပ္ပံနဲ့နည်းပညာတို့နဲ့ ထောက်ပံ့ပေးထားပါတယ်။ ဂျပန်အစိုးရက သိပ္ပံနဲ့ နည်းပညာနယ်ပယ်မှာ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ အားစိုက်နေပြီး ဂျပန်နိုင်ငံထုတ် စူပါကွန်ပြူတာတွေဟာ ကမ္ဘာ့အကောင်းဆုံးစံချိန်အဖြစ် ဆက်လက်တည်ရှိနေပါတယ်။

UNESCO intangible cultural heritage တွင်လည်းစာရင်းသွင်းထားခြင်းခံရသော ဂျပန်ရိုးရာအစားအစာသည် ရာသီဥတုအလိုက် အစားအစာကုန်ကြမ်းကို ထည့်သွင်းပြုလုပ်ထားကာ အရောင်အသွေး စုံလင်လှပြီး ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းလျာအနေဖြင့် ကမ္ဘာ့နိုင်ငံတွင်လည်း လူသိများပါသည်။




Takoyaki

ဓာတ်ပုံအားလုံးသည် Creative Commons License (by 4.0 International) မှ ထည့်သွင်းရန် ခွင့်ပြုချက်ရထားပြီးဖြစ်ပါသည်။ https://creativecommons.org/licenses/by/4.0/

# STUDY

ဂျပန်နိုင်ငံသို့ ပညာသွားရောက်သင်ယူဖို့ အကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ လိုအပ်ပါသည်။ ဂျပန်နိုင်ငံ၏ ပညာရေးစနစ်၊ စာမေးပွဲ ကို ရှာဖွေပြီး အစီအစဉ်ရေးဆွဲကာ ပြင်ဆင်မှုကိုလုပ်ဆောင်ကြပါ။

## Higher Education in Japan




- ဂျပန်နိုင်ငံ၏အဆင့်မြင့်ပညာရေးသည် မူလတန်း (၆) နှစ်၊ အလယ်တန်း (၃) နှစ်နှင့် အထက်တန်း (၃) နှစ် စုစုပေါင်း (၁၂) နှစ်ကို ပြီးဆုံးထားပြီးမှသာ စတင်ပါသည်။
- မြန်မာကျောင်းသားများသည် ဂျပန်နိုင်ငံ၏အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတွင် ကျောင်းတက်ရန်အတွက် တရားဝင်ကျောင်းပညာရေး (၁၂) နှစ်ကို ပြီးဆုံးထားရန် လိုအပ်ပါသည်။
- တရားဝင်ကျောင်းပညာရေး (၁၂) နှစ်အောက်ရှိသူများသည် အဆင့်မြင့်ပညာရေးသို့မဝင်မီ တစ်နှစ် (သို့) နှစ်နှစ်တက္ကသိုလ် ကြိုတင်ပြင်ဆင်မှု သင်တန်းကို ပြီးဆုံးထားရမည်။

## 7 Steps to Study in Japan

**START** တက္ကသိုလ်နဲ့ သက်မွေးပညာသင်ဥပစာကောလိပ်တွင် တရားဝင်ကျောင်းသားအနေဖြင့် တက်ရောက်မည်ဆိုပါက

**STEP 1** သတင်းအချက်အလက်စုဆောင်းခြင်း
- လိုအပ်သည့်ဘာသာစကားစွမ်းရည်၊ ကုန်ကျစရိတ်များကို စုံစမ်းစစ်ဆေးပါ။

**STEP 2** ကျောင်းရွေးချယ်ခြင်း
(ပညာသင်သွားရောက်ရန် ၁၂လ အလို)
- ကျောင်းလမ်းညွှန်၊ ကျောင်းဝင်ခွင့်လျှောက်လွှာကို တောင်းယူပါ။
- ကျောင်းဝင်ခွင့်အရည်အချင်း၊ စာမေးပွဲတို့ကို စစ်ဆေးပါ။

**STEP 3** စာမေးပွဲဖြေဆိုခြင်း
- လိုအပ်သောစာမေးပွဲကို ဖြေဆိုပါ။ JLPT, EJU , TOEFL , IELTS , SAT , IB , etc.

**STEP 4** စာရွက်စာတမ်းတင်ခြင်း
(ပညာသင်သွားရောက်ရန် ၆လ – ၉လ အလို)
- တက်ရောက်လိုသောကျောင်းသို့ လိုအပ်သောစာရွက်စာတမ်းကို ပို့ပါ။
- စာမေးပွဲကြေးကို ပေးချေပါ။

**STEP 5** ဝင်ခွင့်ဖြေဆိုခြင်း
- စာရွက်စာတမ်းစီစစ်ခြင်း၊ အင်တာဗျူးနှင့် ကျောင်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုပါ။

**STEP 6** ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း
- ကျောင်းဝင်ခွင့်ခွင့်ပြုခြင်း စာလွှာကို လက်ခံရယူပါ။
- ကျောင်းလခကို ပေးချေပါ။

**STEP 7** ပြည်ပထွက်ခွာရန် ပြင်ဆင်ခြင်း
- ဗီဇာလျှောက်ထားခြင်း၊
- လေယာဉ်လက်မှတ်၊ အာမခံအတွက် စီစဉ်ခြင်း။

**GOAL**

### တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်းအကြောင်း

● တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှု သင်တန်းဆိုသည်မှာ

ဂျပန်တက္ကသိုလ်သို့ တက်ရောက်ရန်အတွက် တရားဝင်ကျောင်းပညာရေး ၁၂ နှစ် ပြီးမြောက်အောင်မြင်ထားရန် လိုအပ်ပါသည်။ မိမိနိုင်ငံတွင် အထက်တန်းပညာရေးကို ပြီးမြောက်အောင်မြင်ရန် ကြာမြင့်ချိန် ၁၂ နှစ် မပြည့်ပါက ဂျပန်နိုင်ငံအစိုးရ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက သတ်မှတ်ထားသော" တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း" ကို ပြီးမြောက်အောင်မြင်လျှင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်းတွင် ဂျပန်ဘာသာစကားသာမက တက္ကသိုလ်ဝင်ခွင့်အတွက်လိုအပ်သည့်အခြေခံဘာသာရပ်များကိုလည်း သင်ယူရမည်ဖြစ်ပါသည်။ တက္ကသိုလ်ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်းများ ဖွင့်လှစ်ထားသည့် ဂျပန်ဘာသာစကားပညာရေးအဖွဲ့အစည်းများကို ဂျပန်နိုင်ငံအစိုးရ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

List of preparatory courses designated by the Minister of Education, Culture, Sports, Science and Technology
https://www.mext.go.jp/en/policy/education/highered/title02detail02/sdetail02/1395421.html

## ဂျပန်နိုင်ငံ၏ပညာရေးစနစ်၊ စာမေးပွဲများကို ကြိုတင်ရှာဖွေပြီး စီမံကိန်းချကာ ပြင်ဆင်ကြရပါမည်။

### ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

**Examination for Japanese University Admission for International Students (EJU)**

ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဆိုသည်မှာ ဂျပန်နိုင်ငံရှိ တက္ကသိုလ် (ဘွဲ့ကြိုတန်း) များတွင် တက်ရောက်သင်ကြားလိုသော နိုင်ငံခြားကျောင်းသားကျောင်းသူများအတွက် ဂျပန်ဘာသာစကားအရည်အချင်းနှင့် အခြေခံပညာရပ်များ (သိပ္ပံဘာသာတွဲ၊ အထွေထွေဘာသာ၊ သင်္ချာဘာသာ) ကို တိုင်းတာဆုံးဖြတ်ပေးသော စာမေးပွဲဖြစ်ပါသည်။ ဖြေဆိုခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့် အသက်အရွယ်ကန့်သတ်ချက်များ မရှိပါ။ အမှတ်စာရင်းသက်တမ်းမှာ၂ နှစ်တာ ဖြစ်ပါသည်။

ဂျပန်နိုင်ငံရှိတက္ကသိုလ်များ၏ ၆၀% ကျော်ဖြစ်သော တက္ကသိုလ်ကျောင်းပေါင်း ၅၀၀ ခန့်နှင့်နိုင်ငံပိုင်တက္ကသိုလ်အားလုံးနီးပါးသည် ဝင်ခွင့်စာမေးပွဲတွင် EJU အမှတ်စာရင်းကို အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် EJU ဖြင့် ဂျပန်နိုင်ငံသို့ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရရှိနိုင်သည့်စနစ် (Pre-arrival admission) ကို အသုံးပြုနေသောကျောင်းများ၊ EJU စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာသင်ဆုပေးအပ်သော အစီအစဉ်များစသည့် အကျိုးကျေးဇူးများကို ခံစားနိုင်ပါသည်။

*ဝင်ခွင့်စာမေးပွဲတွင် လိုအပ်သော EJU အမှတ်များနှင့်ပတ်သက်၍ စာမေးပွဲကျင်းပသည့်နှစ်၊ လ စသည်တို့ကို သတ်မှတ်ထားသော ကျောင်းများလည်းရှိသည့်အတွက် မိမိလျှောက်ထားလိုသောကျောင်း၏ ကျောင်းလျှောက်ထားရန်သတ်မှတ်ချက်များကို သေသေချာချာ သိရှိထားရန် လိုအပ်ပါသည်။

EJU
https://www.jasso.go.jp/en/ryugaku/eju/index.html

#### ● ကျင်းပသည့်အစီအစဉ်နှင့်ကာလ

တစ်နှစ်လျှင် ၂ ကြိမ်

| | ပထမအကြိမ် | ဒုတိယအကြိမ် |
|---|---|---|
| ၁။ လျှောက်ထားခြင်း | February မှ March | July |
| ၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ထုတ်ယူခြင်း | May | October |
| ၃။ စာမေးပွဲနေ့ | June | November |
| ၄။ အမှတ်စာရင်းများကြေညာခြင်း | July | December |

#### ● ကျင်းပသည့်နေရာ

ဂျပန်နိုင်ငံတွင်း ဒေသ ၁၇ ခု
ဂျပန်နိုင်ငံ ပြင်ပနိုင်ငံ ၁၃ နိုင်ငံ ရှိ ၁၇ မြို့

**နိုင်ငံရပ်ခြားတွင် ကျင်းပသည့်နေရာဒေသများ**

အိန္ဒိယနိုင်ငံ (နယူးဒေလီမြို့)၊ အင်ဒိုနီးရှားနိုင်ငံ (ဂျာကာတာမြို့ နှင့် ဆူရာဘာယားမြို့)၊ ကိုရီးယားနိုင်ငံ (ဆိုးလ်မြို့နှင့် ဘူဆန်မြို့)၊ သီရိလင်္ကာနိုင်ငံ (ကိုလံဘိုမြို့)၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ (ဘန်ကောက်မြို့နှင့်ချင်းမိုင်မြို့)၊ ထိုင်ဝမ် (တိုင်ပေမြို့)၊ ဖိလစ်ပိုင်နိုင်ငံ (မနီလာမြို့)၊ ဗီယက်နမ်နိုင်ငံ(ဟန္နိုင်းမြို့နှင့်ဟိုချီမင်းမြို့)၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံ (ကွာလာလမ်ပူမြို့)၊ မြန်မာနိုင်ငံ (ရန်ကုန်မြို့)၊ မွန်ဂိုလီးယားနိုင်ငံ (အူလန်ဘာတာမြို့)။

#### ● ဘာသာရပ်များ

တက်ရောက်လိုသောကျောင်းမှသတ်မှတ်ထားသော ဘာသာရပ် (၁ ဘာသာ မှ ၃ ဘာသာအထိ)နှင့် ဖြေဆိုမည့်ဘာသာစကားကို ရွေးရပါမည်။
သိပ္ပံဘာသာတွဲနှင့် အထွေထွေ ဘာသာရပ်ကို တစ်ပြိုင်နက်တည်း ရွေးချယ်၍မဖြေဆိုနိုင်ကြောင်း သတိထားရမည်။

| ဘာသာရပ် | | ရည်ရွယ်ချက် | အချိန် | အမှတ်သတ်မှတ်ချက် | ဘာသာရပ်ရွေးချယ်ခြင်း | အသုံးပြုသည့်ဘာသာစကား |
|---|---|---|---|---|---|---|
| ဂျပန်ဘာသာစကား | | ဂျပန်တက္ကသိုလ်များ တွင် လေ့လာသင်ယူနိုင်ရန် လိုအပ်သော ဂျပန်ဘာသာစကားအရည်အချင်း ( Academic Japanese ) ကို တိုင်းတာခြင်း။ | ၁၂၅ မိနစ် | အဖတ်စွမ်းရည် နားထောင်စွမ်းရည်၊ နားထောင်စွမ်းရည်နှင့် စာဖတ်မှုနားလည်နိုင်စွမ်းရည် ၀ မှ ၄၀၀ မှတ်၊ အရေး – ၀ မှ ၅၀ မှတ် | | ဂျပန်ဘာသာစကား |
| အခြေခံပညာအရည်အချင်း | သိပ္ပံတွဲ | ဂျပန်တက္ကသိုလ်များရှိ သိပ္ပံဘာသာတွဲများကို လေ့လာသင်ယူရာ၌ လိုအပ်သော သိပ္ပံဘာသာရပ်များ၏ (ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) အခြေခံပညာအရည်အချင်းကို တိုင်းတာခြင်း။ | ၈၀ မိနစ် | ၀ မှ ၂၀၀ မှတ် | ရူပဗေဒ/ ဓာတုဗေဒ/ ဇီဝဗေဒ မှ ဘာသာရပ် ၂ ခုကို ရွေးချယ်ရန် | ဂျပန်ဘာသာစကား (သို့) အင်္ဂလိပ်ဘာသာစကားကို ရွေးချယ်ရန် |
| | အထွေထွေ | ဂျပန်တက္ကသိုလ်များတွင် လေ့လာသင်ယူနိုင်ရန် လိုအပ်သော ဝိဇ္ဇာဘာသာတွဲများ၏ အခြေခံပညာအရည်အချင်းများ၊ အထူးသဖြင့် အတွေးအခေါ်စွမ်းရည်၊ အကျိုးသင့်အကြောင်းသင့် တွေးခေါ်တတ်သော စွမ်းရည်ကို တိုင်းတာခြင်း။ | ၈၀ မိနစ် | ၀ မှ ၂၀၀ မှတ် | | |
| | သင်္ချာ | ဂျပန်တက္ကသိုလ်များတွင် လေ့လာသင်ယူနိုင်ရန် လိုအပ်သော သင်္ချာဘာသာရပ်၏ အခြေခံပညာအရည်အချင်းများကိုတိုင်းတာခြင်း။ | ၈၀ မိနစ် | ၀ မှ ၂၀၀ မှတ် | အတွဲ – ၁ (ဝိဇ္ဇာဘာသာရပ်များ၊ သင်္ချာဘာသာရပ်လိုအပ်မှု နည်းသော သိပ္ပံဘာသာရပ်များကိုဖြေဆိုရန် အသုံးပြုခြင်း) အတွဲ –၂ ( အဆင့်မြင့်သင်္ချာဘာသာရပ်ကို လိုအပ်သော သိပ္ပံဘာသာရပ်များကို ဖြေဆိုရန် အသုံးပြုခြင်း) | |

*အထွေထွေဘာသာရပ်ဆိုသည်မှာ EJU ၏ သီးသန့်ဘာသာရပ်ဖြစ်ပြီး ဂျပန်နိုင်ငံရှိ အထက်တန်းကျောင်းများတွင် သင်ကြားနေသောဘာသာရပ် (နိုင်ငံရေးနှင့်စီးပွားရေး၊ ပထဝီ၊ သမိုင်း) များကို စုစည်းထားသော ဘာသာရပ်ဖြစ်သည်။

## Method to learn Japanese Language

ဂျပန်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် အသုံးမပြုသူများအတွက် ဂျပန်ဘာသာစကားကို သင်ယူနိုင်သော အဖွဲ့အစည်းအမျိုးအစား ၃ မျိုးရှိပါသည်။

ဂျပန်ဘာသာစကားကို သင်ယူသည့်ရည်ရွယ်ချက်ပေါ်မူတည်၍ သင်ယူသည့်အတန်း (Curriculum) လည်း ကွဲပြားမည်ဖြစ်ပါသည်။ ကျောင်းကိုရွေးချယ်သည့်အချိန်တွင် ကျောင်းမိတ်ဆက်စသည်တို့ကို သေချာစွာရှာဖွေ လေ့လာ၍ မိမိ၏ဦးတည်ချက်နှင့်ကိုက်ညီသော ကျောင်း (အတန်း) ကို ရွေးချယ်ဆုံးဖြတ်ပါ။

### ဂျပန်ဘာသာစကားကျောင်း

ကျောင်းအဖွဲ့အစည်းနှင့်ကုမ္ပဏီလိမိတက်များက ဖွင့်လှစ်ထားသော ကျောင်းဖြစ်ပါသည်။ အခြေခံကျသော ဂျပန်ဘာသာစကားကို သင်ယူနိုင်ရုံသာမက တက္ကသိုလ်ဆက်တက်နိုင်ရန် ပြင်ဆင်သောသင်တန်း၊ လုပ်ငန်းခွင်သုံးဂျပန်ဘာသာစကားသင်တန်း အစရှိသဖြင့် သင်တန်းများစွာရှိပါသည်။ ထို့အပြင်အပတ်စဉ်အနည်းငယ်ဖြင့် တက်ရောက်နိုင်သော ကာလတို သင်တန်းမှ အများဆုံး ( ၂ ) နှစ်ကြာ ကာလရှည်သင်တန်းစသည်ဖြင့် ဖွင့်လှစ်ထားပါသည်။

### ပုဂ္ဂလိကတက္ကသိုလ် (သို့) ကောလိပ်များရှိ နိုင်ငံခြားကျောင်းသားအထူးသင်တန်း

တက္ကသိုလ်မှဖွင့်လှစ်ထားသော အထူးသင်တန်း (အထူးပညာရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားသော အတန်း) ထဲမှ နိုင်ငံခြားကျောင်းသားကျောင်းသူများအတွက် ပညာရေးကို အဓိကထား၍ ဖွင့်လှစ်ထားသော အတန်းကို (နိုင်ငံခြားကျောင်းသားအထူးသင်တန်း) ဟု ခေါ်ဆိုလေ့ရှိပါသည်။
နိုင်ငံခြားကျောင်းသားအထူးသင်တန်းတွင် သုနာပြုဘာသာရပ်နှင့် နိုင်ငံတကာဘာသာရပ်၊ ဂျပန်ဘာသာစကားအထူးသင်တန်း စသည့် အမျိုးအစားများရှိပြီး ကျောင်းပေါ်လိုက်၍ သင်ယူနိုင်သော ဘာသာရပ်များ ကွဲပြားနိုင်ပါသည်။ နိုင်ငံခြားကျောင်းသားအထူးသင်တန်းအများစုတွင် တက္ကသိုလ်ဆက်လက်တက်ရောက်ရန်လိုအပ်သော ဂျပန်ဘာသာစကားနှင့် အခြေခံဘာသာရပ်များ၊ ဂျပန်ယဉ်ကျေးမှု စသည်တို့ကို သင်ကြားပို့ချလျက်ရှိသည်။ ပညာသင်ကာလမှာ ၁ နှစ် – ၂ နှစ် ဖြစ်ပါသည်။

### သက်မွေးပညာသင်ကောလိပ် ဂျပန်ဘာသာစကားဌာန

ဂျပန်နိုင်ငံရှိဒေသအသီးသီး၏ ခွင့်ပြုချက်ရရှိထားသော သက်မွေးပညာသင်ကောလိပ်များတွင်ဖွင့်လှစ်ထားပါသည်။ အခြေခံဂျပန်ဘာသာစကားသင်ကြားရေးသာမက တက္ကသိုလ်ဆက်လက် တက်ရောက်နိုင်ရန် ပြင်ဆင်ပေးသောအတန်းများလည်း ရှိပါသည်။ ပညာသင်ကာလမှာ ၁ နှစ် – ၂ နှစ် ဖြစ်ပါသည်။

#### ● ဂျပန်ဘာသာစကားကျောင်းများကို ရှာဖွေရာတွင်အသုံးဝင်သည့် ဝက်ဘ်ဆိုဒ်များ

The Database of Nationally Accredited Japanese Language Educational Institutions (Ministry of Education, Culture, Sports, Science and Technology)
https://www.nihongokyouiku.-mext.go.jp/top

Association for the Promotion of Japanese Language Education
https://www.nisshinkyo-.org/english/index.html

List of Schools notified by the Ministry of Justice (Ministry of Justice)
https://www.moj.go.jp/isa/appli-cations/resources/nyuukokukan-ri07_00217.html

Japanese Language School Association (JaLSA)
https://jalsa.tokyo

# EXPENSES

ဂျပန်ပညာတော်သင်အတွက်လိုအပ်သောကုန်ကျစရိတ်ကို တွက်ချက်ကြည့်ရအောင်။
ကုန်ကျငွေက ဘယ်လောက်လဲ။ ပညာသင်ဆု ရနိုင်မလား။
အပိုအနေနဲ့ ငွေကြေးထားသည့်အစီအစဉ်သည်လည်း အရေးကြီးပါသည်။

## Tuition & Living Expenses

### ကျောင်းလခ

● တက္ကသိုလ်တွင်ပညာသင်ကြားရန် တစ်နှစ်တာခန့်မှန်းကျောင်းလခ (ပျမ်းမျှပမာဏ)

| | | နိုင်ငံပိုင်တက္ကသိုလ် (National University) | ပြည်သူပိုင်တက္ကသိုလ် (Public University) | ပုဂ္ဂလိကတက္ကသိုလ် (Private University) |
|---|---|---|---|---|
| ဘွဲ့ကြို | | ၅၃၅,၈၀၀ ယန်း | ၅၃၆,၁၉၁ ယန်း | ၁,၁၂၄,၄၇၆ ယန်း |
| ဘွဲ့လွန် | မဟာဘွဲ့ | ၅၃၅,၈၀၀ ယန်း | ၅၃၆,၇၈၉ ယန်း | ၈၇၄,၀၅၄ ယန်း |
| | ပါရဂူဘွဲ့ | ၅၃၅,၈၀၀ ယန်း | ၅၃၆,၇၈၉ ယန်း | ၆၅၄,၃၂၅ ယန်း |
| | သက်မွေးပညာသင် ကောလိပ် | ၅၃၅,၈၀၀ ယန်း | ၅၃၆,၇၈၉ ယန်း | ၁,၁၂၂,၉၆၉ ယန်း |


※ ပုဂ္ဂလိကတက္ကသိုလ်များ၏ ကျောင်းလခတွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းခ ပါဝင်သည်။

ကိုးကား –
- Ministry of Education, Culture, Sports, Science and Technology (MEXT) – ပုဂ္ဂလိကတက္ကသိုလ်စသည်တို့၏ ၂၀၂၃ခုနှစ် ကျောင်းဝင်သည့် ကျောင်းသားများနှင့်သက်ဆိုင်သော ကျောင်းသားများ၏ ကုန်ကျစရိတ်စစ်တမ်းကောက်ချက် (https://www.mext.go.jp/a_menu/koutou/shinkou/07021403/1412031_00005.htm)
- ၂၀၂၃ ခုနှစ် ကျောင်းသားများ၏ ကုန်ကျစရိတ်စစ်တမ်းရလဒ် (ပြည်သူပိုင်တက္ကသိုလ် – Public University) (https://www.mext.go.jp/a_menu/koutou/kouritsu/detail/20240328-ope_dev03-1.pdf)


### နေထိုင်စားသောက်စရိတ်

● နေထိုင်စရိတ်ခန့်မှန်းခြေ

မြို့ကြီးများတွင်နေထိုင်စားသောက်စရိတ် ပိုကြီးပါသည်။ ဥပမာ – တိုကျို ၁၃၀,၀၀၀ ယန်း




ကိုးကား – Lifestyle Survey of Private Financed International Students 2023 (JASSO)




ကိုးကား – Portal Site of Official Statistics of Japan, Retail price survey (January 2025)
※ ငွေပမာဏမှာ တစ်နိုင်ငံလုံး၏ပျမ်းမျှ ဖြစ်သည်
※ အဆောင်ခမှာ JASSO Tokyo Japanese Language Education Center မှ ကျောင်းသား အဆောင်ဖြစ်ပါသည်။
※ ပုဂ္ဂလိကအဆောင်မှာ ၂၀ စတုရန်းမီတာ အကျယ်အတွက်ဖြစ်သည်။



## Scholarships & Financial Aids

ပညာတော်သင်ဆု
https://www.studyinjapan.go.jp/en/planning/scholarships/

### နည်းလမ်း ၁ ဂျပန်အစိုးရအဖွဲ့အစည်းများ၏ပညာသင်ဆုကိုလျှောက်ထားခြင်း

* ပညာသင်ဆုအမျိုးအစားအလိုက်ထောက်ပံ့ကြေးပမာဏကွဲပြားခြင်း **ဂျပန်ဘာသာသင်ကျောင်းတက်ရောက်နေသော ကျောင်းသားများအတွက်

| | Japanese Government (Ministry of Education, Culture, Sports, Science and Technology) Scholarship | Monbukagakusho Honors Scholarship for Privately Financed International Students | နိုင်ငံခြားကျောင်းသားထောက်ပံ့မှုစနစ် |
|---|---|---|---|
| လစဉ်ထောက်ပံ့ကြေး | ၁၁၇,၀၀၀ ယန်းမှစ၍* | ၄၈,၀၀၀ ယန်း သို့မဟုတ် ၃၀,၀၀၀ ယန်း** | ၈၀,၀၀၀ ယန်း |
| ကျောင်းလခကင်းလွတ်ခြင်း | ✓ | | |
| လေယာဉ်လက်မှတ်အခမဲ့ | ✓ | | |
| အခမဲ့ preparatory education | ✓ | | |
| ထောက်ပံ့ကြေးပေးအပ်မည့်ကာလ | ပညာတော်သင်ကာလပြီးဆုံးသည်အထိ | တစ်နှစ် သို့မဟုတ် ၆လ | ပညာတော်သင်ပရိုဂရမ်တွင် ပါဝင်သည့်ကာလအတွင်း |
| ရည်ညွှန်းသည့်ကျောင်းသား | ဘွဲ့လွန်ကျောင်းသား၊ ဘွဲ့ကြိုကျောင်းသား၊ နည်းပညာ ဥပစာကောလိပ်ကျောင်းသား၊ သက်မွေးပညာသင်ဥပစာကောလိပ်ကျောင်းသား၊ ဂျပန်ဘာသာ-ဂျပန်ယဉ်ကျေးမှုသုတေသနကျောင်းသား၊ ဆရာအတတ်သင်ကျောင်းသား | ဘွဲ့လွန်ကျောင်းသား၊ ဘွဲ့ကြိုကျောင်းသား၊ ကာလတိုတက္ကသိုလ်ကျောင်းသား၊ နည်းပညာဥပစာကောလိပ်ကျောင်းသား၊ သက်မွေးပညာသင်ဥပစာကောလိပ်ကျောင်းသား၊ ဂျပန်ဘာသာသင်ကျောင်းသား | တစ်နှစ်အတွင်းပညာတော်သင်သွားမည့် ဘွဲ့လွန်ကျောင်းသား၊ ဘွဲ့ကြိုကျောင်းသား၊ နည်းပညာဥပစာကောလိပ်ကျောင်းသား၊ သက်မွေးပညာသင်ဥပစာကောလိပ်ကျောင်းသား |
| အောင်မှတ်စံနှုန်းသတ်မှတ်ချက် | ✓ | ✓ | ✓ |
| အိမ်ထောင်စုဝင်ငွေစံနှုန်းသတ်မှတ်ချက် | | ✓ | ✓ |
| ရွေးချယ်သောနည်းလမ်း | စာရွက်စာတမ်းစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲ၊ အင်တာဗျူး။ | ကျောင်းအပေါ်မူတည်ပါသည်။ | စာရွက်စာတမ်းစစ်ဆေးခြင်း၊ |
| ရွေးချယ်သောလူဦးရေ | တရားဝင်ထုတ်ပြန်ထားခြင်းမရှိ | ၇,၀၀၀ ဦးခန့် | ၅,၀၀၀ ဦးခန့် |
| ဆက်သွယ်လျှောက်ထားရန် | အမိနိုင်ငံ၏ဂျပန်နိုင်ငံပြည်ပရုံး၊ လက်ရှိတက်ရောက်နေသည့်ကျောင်း | ပညာသင်သွားရောက်ရန်စီစဉ်ထားသည့်ကျောင်း | သင်လက်ရှိတက်ရောက်နေသည့်ကျောင်း |

### နည်းလမ်း ၂

ဂျပန်ဒေသန္တရအစိုးရပုဂ္ဂလိကအဖွဲ့အစည်း၏ပညာသင်ဆုကို လျှောက်ထားခြင်း

- ကျောင်းဝင်ခွင့်ရပြီးမှလျှောက်ထားရမည်။
- မွေးဖွားရာနိုင်ငံ၊ ဂျပန်တွင်တက်ရောက်နေသည့်ကျောင်း၊ အထူးပြုဘာသာရပ်ကို သတ်မှတ်ထားတာ များပါသည်။
- ၁နှစ်တွင်လူအနည်းငယ်မှရာချီပြီးပေးအပ်ပါသည်။ အောက်ပါဝက်ဆိုက်ဘ်တွင်ရှာဖွေနိုင်ပါသည်။

ဂျပန်ဒေသန္တရအစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်း၏ပညာသင်ဆု
https://www.studyinjapan.go.jp/en/planning/scholarships/other-scholarships/

ဆက်သွယ်လျှောက်ထားရန်/လျှောက်လွှာတင်ရမည့်နေရာ

ပညာသင်သွားရောက်ရန်စီစဉ်ထားသည့်ကျောင်း/အဖွဲ့အစည်းအသီးသီး

### နည်းလမ်း ၃

ကျောင်းအတွင်းပညာသင်ဆုလျှောက်ထားခြင်း၊ကျောင်းလခကင်းလွတ်ခြင်း၊ လျှော့ချခြင်းစနစ်ကိုအသုံးပြုခြင်း။

**X တက္ကသိုလ်ဆိုပါက**

ကျောင်းလခကင်းလွတ်ခြင်း၊ လျှော့ချခြင်း
(၅၀% သို့မဟုတ် ၁၀၀%)

ရည်ညွှန်းသည့်ကျောင်းသား ............................
စီးပွားရေးအခြေအနေအရ ကျောင်းလခပေးသွင်းရန်ခက်ခဲပြီး၊ ပညာရေးထူးချွန်သောကျောင်းသား။

**Y တက္ကသိုလ်ဆိုပါက**

လစဉ် ယန်း ၈၂,၀၀၀ ကို ပညာသင်ထောက်ပံ့ကြေးပေးခြင်း (၄နှစ်တာ)

ရည်ညွှန်းသည့်ကျောင်းသား ............................
ဝင်ခွင့်စာမေးပွဲတွင်အမှတ်ကောင်းရရှိထားသူ။

ဆက်သွယ်လျှောက်ထားရန်/လျှောက်လွှာတင်ရမည့်နေရာ

ပညာသင်သွားရောက်ရန်စီစဉ်ထားသည့်ကျောင်း


# WORK

နိုင်ငံသားမရွေးဘဲ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်များကို ထိန်းသိမ်းထားလိုသော လုပ်ငန်းများလည်း တိုးလာပြီး၊ နိုင်ငံခြားသားပညာတော်သင်ကျောင်းသား၊ ကျောင်းသူများ ခန့်ထားမှုဟာလည်း များပြားလာပါတယ်။ အနာဂတ်မှာ ဂျပန်တွင် အလုပ်လုပ်မကြည့်ချင်ဘူးလား?

## Work in Japan

### ပညာသင်ခြင်းမှ အလုပ်လုပ်ခြင်းသို့

နေထိုင်ခွင့်အမျိုးအစား "ပညာတော်သင်"မှ အလုပ်သို့ ပြောင်းလဲခဲ့ကြသည့် လူဦးရေ




| အဆင့် | အလုပ်အမျိုးအစားများ |
|---|---|
| ၁ | ဘာသာပြန်၊ စကားပြန် |
| ၂ | သတင်းအချက်အလက်လုပ်ငန်း၊ ဆက်သွယ်ရေးနည်းပညာ |
| ၃ | စီမံကိန်းရေးဆွဲခြင်း (ဈေးကွက်၊ သုတေသန) |
| ၄ | စီမံခန့်ခွဲခြင်း (အမှုဆောင်မဟုတ်သူ) |
| ၅ | နိုင်ငံခြားကုန်သွယ်မှု |
| ၆ | ကော်ပိုရိတ်ရောင်းချခြင်း (Corporate Sales) |
| ၇ | စီမံကိန်းရေးဆွဲခြင်း (ပြန်ကြားရေး၊ ကြော်ငြာလုပ်ငန်း) |
| ၈ | ဘိုးဘွားစောင့်ရှောက်ရေး |
| ၉ | စာရင်းကိုင် |
| ၁၀ | ထုတ်လုပ်မှုစီမံခန့်ခွဲခြင်း |

ကိုးကား -
[ ၂၀၂၂ ခုနှစ်ရှိ နိုင်ငံခြားသား ပညာတော်သင်ကျောင်းသားများ ဂျပန်လုပ်ငန်းခွင်များတွင် အလုပ်ဝင်ရောက်လုပ်ကိုင်သည့် အခြေအနေနှင့်စပ်လျဉ်း၍ ] (ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန)


### အလုပ်ဝင်ရန်လှုပ်ရှားမှုများဆောင်ရွက်ရန်အတွက်

ဂျပန်နိုင်ငံ၏ အလုပ်ဝင်ရန်လှုပ်ရှားမှုသည် တမူထူးခြားသည့်အတွက် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသည့် နိုင်ငံခြားသား ပညာတော်သင်ကျောင်းသားများအားလုံးသည် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရန် အဓိကကျပါတယ်။ အောက်ပါ ဝက်ဘ်ဆိုဒ်တွင် အချက်အလက်များကို ရှာဖွေကြည့်ကြရအောင်။

နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများအတွက် အလုပ်ဝင်ရန်လမ်းညွှန်(JASSO)
https://www.jasso.go.jp/en/ryugaku/after_study_j/job/guide.html

အဆင့်မြင့်နိုင်ငံခြားသား လူသားအရင်းအမြစ်မြှင့်တင်ရေး Portal Site(JETRO)
https://www.jetro.go.jp/en/hrportal/

### Interview



ဂျပန်ဘာသာစကားနှင့် ဂျပန်နိုင်ငံ၏လုပ်ငန်းခွင်ယဉ်ကျေးမှုကို လေ့လာဆည်းပူးပြီး ရှားပါးသည့်လူသားအရင်းအမြစ်အဖြစ်သို့!

**Austin**

ကျွန်တော်က ၂၀၁၂ ခုနှစ်မှာ ဂျပန်သို့ရောက်ရှိခဲ့ပြီး၊ တက္ကသိုလ်ဝင်ခွင့်ပြင်ဆင်ခြင်းသင်တန်းမှတဆင့် တိုကျိုတက္ကသိုလ်သို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ယူခဲ့ပါတယ်။ ယခု freelance အနေဖြင့် ပရိုဂရမ်ပိုင်းဆိုင်ရာအလုပ်ကို လုပ်ကိုင်လျက်ရှိပါတယ်။ သင်ယူတဲ့ ဘာသာရပ်ပေါ်မူတည်သော်လည်း ဂျပန်တက္ကသိုလ်တွေဟာ လွတ်လပ်မြင့်မားပြီး၊ အလုပ်သင်စတဲ့ ကျောင်းပြင်ပလှုပ်ရှားမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းဟာ အားသာချက်ဖြစ်ပါတယ်။ အဲဒီအပြင် ဘွဲ့ရပြီးခါစ ကျောင်းသားများကို အလုပ်သင်တဲ့ စနစ်ရှိသောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများထဲမှာ ပထမဦးဆုံးအလုပ်အကိုင်ကို အဆင်ပြေစေတဲ့ နိုင်ငံတစ်ခုလို့ ပြောနိုင်ပါတယ်။ ဂျပန်မှာ အလုပ်လုပ်မယ်ဆိုရင်တော့ ဂျပန်နိုင်ငံသားများနှင့်အတူ ယှဉ်တွဲနိုင်ရုံမျှမက နိုင်ငံခြားသားတစ်ယောက်အနေနဲ့ မိမိရဲ့အားသာချက်ကို ပြသဖို့ အရေးကြီးပါတယ်။ ဂျပန်မှာ ပညာသင်ခဲ့တဲ့၊ အလုပ်လုပ်ခဲ့တဲ့ အတွေ့အကြုံတွေကနေ ရရှိခဲ့တဲ့ ဘာသာစကားစွမ်းရည်နှင့် တမူထူးခြားတဲ့ ယဉ်ကျေးမှုများကို နားလည်သဘောပေါက်ခြင်းဟာ ဘယ်အရာနဲ့မှ အစားမထိုးနိုင်တဲ့ အားသာချက်ဖြစ်ပါတယ်။ ကမ္ဘာနှင့်ရင်ဘောင်တန်းလာတဲ့ ယနေ့ခေတ်မှာ ကမ္ဘာရဲ့ဘယ်နေရာမဆို သက်ဝင်လှုပ်ရှားနိုင်တဲ့ လူသားအရင်းအမြစ်ဖြစ်ဖို့ ဂျပန်မှာ အလုပ် လုပ်ကိုင်ဖို့ အကြံပြုလိုပါတယ်။



# STORIES

## Why I choose to Study in Japan



အံ့သြစရာကောင်းလှတဲ့ ပညာရေးပတ်ဝန်းကျင်မှာ ပညာသင်ယူနေပါတယ်။

Htet Su
Kobe Institute of Computing

ကျွန်မက ဂျပန်ကာတွန်းကား (Anime) ရဲ့ဆွဲဆောင်မှုကြောင့် Anime ထုတ်လုပ်ရေးကို စိတ်ဝင်စားပြီး အဲဒီနည်းပညာကိုသင်ယူဖို့ ဂျပန်ကိုလာခဲ့တာပါ။
လက်ရှိ Kobe Institute of Computing မှာ 3D CG Animation ကိုလေ့လာနေပြီး၊ သိပ်ကိုကြိုးစားရကျိုးနပ်တယ်လို့ခံစားရပါတယ်။ ဂျပန်ဘာသာစကားကျောင်းတွေနဲ့ မတူဘဲ၊ ဂျပန်လူမျိုးကျောင်းသားကျောင်းသူတွေနဲ့အတူတူ အတန်းတက်ရတာကြောင့်၊ အစပိုင်းမှာ သူငယ်ချင်းတွေရလာပါ့မလားဆိုပြီး အမျိုးမျိုးပူပန်ခဲ့ရပါတယ်။ ဒါပေမဲ့ ဂျပန်လူမျိုးသူငယ်ချင်းတွေ အများကြီးရပြီး အတူတူအလုပ်လုပ်၊ အတူတူ လျှောက်လည်၊ ကျောင်းပွဲတော်မှာလည်း ပါဝင်ဆင်နွှဲကြပြီး သိပ်ကိုပျော်စရာကောင်းတဲ့ ကျောင်းသားဘဝလှုပ်ရှားမှုတွေကို လုပ်နေပါတယ်။
ပြီးတော့ ဆရာဆရာမတွေကလည်း နိုင်ငံခြားကျောင်းသားဆိုပြီး ခွဲခြားဆက်ဆံတာမျိုးတွေ လုံးဝမရှိဘဲ ကိုယ့်ရဲ့ကြိုးစားမှုကို ပိုအသိအမှတ်ပြုပေးပြီး အခွင့်အရေးအမျိုးမျိုးပေးတဲ့အတွက် တကယ်ကိုကျေးဇူးတင်မိပါတယ်။ အံ့သြစရာကောင်းလှတဲ့ ပညာရေးပတ်ဝန်းကျင်မှာ ကိုယ့်ကိုအားပေးတဲ့ ဆရာဆရာမတွေ၊ သူငယ်ချင်းကောင်းတွေရှိတာကို ဝမ်းသာအံ့သြမိပါတယ်။




ပညာတော်သင်ကာလတစ်လျှောက် ခံစားခဲ့ရတဲ့ ဒေသရဲ့ကောင်းမွန်တဲ့ အချက်တွေကို ပြောပြပေးချင်ပါတယ်။

LEE
Tottori University, Faculty of Medicine (School of Life Science)

ကျွန်တော်က သုတေသနပညာရှင်ဖြစ်လာဖို့ဆိုတဲ့ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ဂျပန်ကို လာခဲ့တာပါ။ ဂျပန်မှာ ပညာတော်သင်ကျောင်းသားအနေနဲ့ ထူးခြားတဲ့အတွေ့အကြုံတွေကို တွေ့ကြုံခံစားနေရပါတယ်။ ကျွန်တော် ကျောင်းတက်နေတဲ့နေရာက ဂျပန်မှာလူဦးရေအနည်းဆုံးဖြစ်တဲ့ Tottori ခရိုင်ဖြစ်ပါတယ်။ ပထမဆုံးနှစ်မှာတော့ ခက်ခဲပင်ပန်းခဲ့ပါတယ်။ Tottori ခရိုင်က ကျွန်တော်တွေးထားခဲ့တဲ့ ဂျပန်နဲ့ လုံးဝမတူတာကြောင့် culture shock ကို တော်တော်ခံစားခဲ့ရပါတယ်။ အဲဒီအပြင် ဒီနေရာမှာသူငယ်ချင်းရဖို့ တော်တော်ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ ဒီမှာနေတဲ့ကာလမှာတော့ ဒီအတွေ့အကြုံကို လက်ခံပြီးလေ့လာသင့်တယ်လို့တွေးမိလာပါတယ်။ အားလုံးက ကျွန်တော့်အတွက် အမြတ်ဖြစ်တာကြောင့်ပါ။ အခု ကျွန်တော်က Rotary Yoneyama Memorial Foundation ကပညာသင်ဆုရရှိထားပြီး ဒေသခံတွေအများကြီးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်လာခဲ့ပါပြီ။ ကျွန်တော် ဘာသာစကားများများပြောနိုင်တာကို အသုံးချပြီး ခရိုင်နဲ့ ဒေသအဖွဲ့အစည်းတွေနဲ့ဆက်သွယ်ပြီး ဒီမှာ နေထိုင်တဲ့ နိုင်ငံခြားသားတွေကို ကူညီဆောင်ရွက်ပေးရင်းနဲ့ Tottori ခရိုင်ရဲ့အလှအပတွေကို ဂျပန်နိုင်ငံပြင်ပကလူတွေကို မျှဝေပေးချင်ပါတယ်။

## Campus Life



ဂျပန်ရဲ့ စိုက်ပျိုးရေးနဲ့ ပညာရေးစနစ်ကနေတစ်ဆင့် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်ရေးမှာ အကျိုးပြုချင်ပါတယ်။

Arikpo
Tottori University, The United Graduate School of Agricultural Sciences





အလယ်တန်းကျောင်းသူဘဝတုန်းက ကျောင်းလေ့လာရေးခရီးမှာ နိုင်ဂျီးရီးယားရဲ့ စိုက်ခင်းအကြီးကြီးတွေဆီကို သွားခဲ့ပါတယ်။ အဲဒီမှာ ကြီးမားတဲ့ စက်ကိရိယာကိုသုံးပြီး အလုပ်လုပ်နေတဲ့သူတွေကို စိတ်ဝင်စားသွားမိပါတယ်။ နည်းပြဆရာက စိုက်ခင်းနဲ့ပတ်သက်ပြီးပြောပြပေးတုန်းက ကျွန်မက အဲဒီ "စက်အကြီးကြီး" က ဘာလဲလို့ မမေးဘဲမနေနိုင်ခဲ့ပါဘူး။ သူက "ဒါက ဂျပန်နိုင်ငံထုတ်ထွန်စက်ပါ" လို့ စိတ်အားထက်သန်စွာနဲ့ ဖြေခဲ့ပါတယ်။ ပြီးတော့ လူဆိုရင် လူအယောက် ၂၀ က တစ်ရက်လုံးလုပ်ရတဲ့ အလုပ်ကို ထွန်စက်က တစ်နာရီတည်းနဲ့ အပြီးလုပ်နိုင်တယ်လို့လည်း ပြောပြခဲ့ပါတယ်။ ဒီကိစ္စက ကျွန်မကို တော်တော်လေး စိတ်လှုပ်ရှားစေခဲ့ပါတယ်။
နှစ်၊ လတွေကြာလာတာနဲ့အမျှ စိုက်ပျိုးရေးကို စိတ်ဝင်စားမှုမြင့်တက်လာပြီး ဂျပန်ကို ပညာတော်သင်သွားချင်တဲ့ဆန္ဒ ပိုမိုပြင်းပျလာပါတယ်။ ဒီ ၂ နှစ်အတွင်းမှာ စိုက်ပျိုးရေးမဟာဘွဲ့ကို ရရှိခဲ့ပြီး လက်ရှိမှာ ပါရဂူဘွဲ့ရအောင် ရည်ရွယ်ပြီး ဂျပန်နိုင်ငံရဲ့ စိုက်ပျိုးရေးနဲ့ ပညာရေးစနစ်ကပေးတဲ့ ဆန်းသစ်တီထွင်မှုဆိုင်ရာ မူဘောင်တွေနဲ့ နည်းပညာတွေကို အသုံးချပြီး လက်ရှိနဲ့အနာဂတ် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုမှာ အကျိုးပြုနိုင်အောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေပါတယ်။


### တစ်နေ့တာဖြတ်သန်းပုံ

- ၆:၃၀ အိပ်ရာထ
  ဝတ်ပြုဆုတောင်းပြီး ကျောင်းသွားဖို့ ပြင်ဆင်ပါတယ်။
- ၈:၄၅ ကျောင်းသွား
  အဲဒီနေ့အတွက် သုတေသန၊ လက်တွေ့စမ်းသပ်ချက်အစီအစဉ် ရေးဆွဲပါတယ်။
- ၁၀:၀၀ သုတေသန၊ အချက်အလက်စုဆောင်းခြင်း
  စာရွက်စာတမ်းဖတ်တာ၊ အရင်နေ့က လက်တွေ့စမ်းသပ်ချက်ရလဒ်တွေကို အကျဉ်းချုပ် တာတွေကို ပြုလုပ်ပါတယ်။
- ၁၅:၀၀ နေ့လယ်စာ
- ၁၆:၀၀ သုတေသန ဒါမှမဟုတ် လက်တွေ့စမ်းသပ်ချက်
- ၂၀:၃၀ အိမ်ပြန်
  ညစာကတော့ များသောအားဖြင့် ကိုယ်တိုင်ချက်စားဖြစ်ပါတယ်။ ညစာစားပြီးနောက် နိုင်ဂျီးရီးယားက မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ စကားပြောပါတယ်။
- ၂၃:၃၀ ဝတ်ပြုဆုတောင်း၊ အိပ်ရာဝင်

# STATISTICS

## Statistics of people coming to Japan

### ဒေသအလိုက် နိုင်ငံခြားကျောင်းသားကျောင်းသူဦးရေ




### နိုင်ငံဒေသအလိုက် နိုင်ငံခြားကျောင်းသားကျောင်းသူဦးရေ

| | နိုင်ငံ (ဒေသ) အမည် | နိုင်ငံခြားကျောင်းသား ကျောင်းသူဦးရေ |
|---|---|---|
| ၁။ | တရုတ် | ၁၂၃,၄၈၅ ဦး |
| ၂။ | နီပေါ | ၆၄,၈၁၆ ဦး |
| ၃။ | ဗီယက်နမ် | ၄၀,၃၂၃ ဦး |
| ၄။ | မြန်မာ | ၁၆,၅၉၆ ဦး |
| ၅။ | ကိုရီးယား | ၁၄,၅၇၉ ဦး |
| ၆။ | သီရိလင်္ကာ | ၁၂,၂၆၉ ဦး |
| ၇။ | ထိုင်ဝမ် | ၇,၆၅၅ ဦး |
| ၈။ | ဘင်္ဂလားဒေ့ရှ် | ၇,၅၉၇ ဦး |
| ၉။ | အင်ဒိုနီးရှား | ၆,၇၇၈ ဦး |
| ၁၀။ | မွန်ဂိုလီးယား | ၄,၀၈၅ ဦး |

### ကျောင်းတက်ရောက်မှုအဆင့်အလိုက် နိုင်ငံခြားကျောင်းသားကျောင်းသူဦးရေ

| | နိုင်ငံခြားကျောင်းသား ကျောင်းသူဦးရေ |
|---|---|
| ဘွဲ့လွန် | ၅၈,၂၁၅ ဦး |
| တက္ကသိုလ် (ဘွဲ့ကြို) | ၈၇,၄၂၁ ဦး |
| ကောလိပ် | ၃,၂၆၅ ဦး |
| နည်းပညာကောလိပ် | ၅၀၆ ဦး |
| သက်မွေးပညာသင်ကောလိပ် | ၇၆,၄၀၂ ဦး |
| တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်ရေးသင်တန်း | ၃,၆၅၈ ဦး |
| ဂျပန်စာသင်ကြားရေးအဖွဲ့အစည်း | ၁၀၇,၂၄၁ ဦး |
| **စုစုပေါင်း** | **၃၃၆,၇၀၈ ဦး** |

ကိုးကား – Japan Student Services Organization (JASSO) "နိုင်ငံတကာကျောင်းသားများ၏ ကျောင်းတက်ရောက်နေဆဲအခြေအနေ စစ်တမ်း" (၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့အထိ)



# INFORMATION

## ပညာတော်သင်ဝန်ဆောင်မှုအေဂျင်စီအသုံးပြုမှုနှင့်ပတ်သက်၍

ပညာတော်သင်လုပ်ငန်းစဉ်များကို ကိုယ်တိုင်လုပ်ဆောင်ခြင်းသည် ငွေကုန်ကြေးကျသက်သာသည့်အပြင် ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်း တိုးတက်လာပြီး ဘာသာစကားစွမ်းရည်တိုးတက်မှုတွင် အထောက်အကူဖြစ်စေနိုင်ခြင်းစသည့် အားသာချက်များစွာရှိပါသည်။

အလုပ်များခြင်း၊ ဘာသာစကားစွမ်းရည်ကို ယုံကြည်ချက်မရှိခြင်းစသည့် အခြေအနေမျိုးတွင် ပညာတော်သင်ဝန်ဆောင်မှုအေဂျင်စီများကို အသုံးပြုခြင်းသည် ရွေးချယ်စရာတစ်ခု ဖြစ်သော်လည်း တရားမဝင်ဝန်ဆောင်ခကောက်ခံခြင်း၊ မှားယွင်းသော သတင်းအချက်အလက်များကိုပေးခြင်းစသည်တို့ကို လုပ်ဆောင်နေသော အေဂျင်စီများလည်းရှိပါသည်။ ပညာတော်သင်ဝန်ဆောင်မှုအေဂျင်စီများကို အသုံးပြုသည့်အခါ အထူးသတိထားရန် လိုအပ်ပါသည်။

### ပညာတော်သင်ဝန်ဆောင်မှုအေဂျင်စီရွေးချယ်ရာတွင် သိထားရမည့်အချက်များ

**POINT 1 ကုန်ကျစရိတ်**

- အေဂျင်စီ၂ခု ၃ခုလောက် နှိုင်းယှဉ်ကြည့်ပြီး သင့်တင့်တဲ့ဈေးနှုန်းဖြစ်သလား။

**POINT 2 အောင်မြင်မှုများ**

- ဂျပန်နိုင်ငံကို အောင်မြင်စွာစေလွှတ်နိုင်တဲ့ အရေအတွက် အလုံအလောက်ရှိသလား။

**POINT 3 တုံ့ပြန်ဆောင်ရွက်ပေးမှု**

- ပညာတော်သင်သွားဖို့ ရည်ရွယ်ချက်နဲ့ကိုက်ညီတဲ့ကျောင်းတွေကို မိတ်ဆက်ပေးသလား။
- စာရွက်စာတမ်းအတုတွေနဲ့ ပြည်ဝင်ဖို့ အကြံပေးနေသလား။
- မေးခွန်းတွေ၊ လုပ်ငန်းစဉ်တိုးတက်မှုအခြေအနေတွေနဲ့ပတ်သက်ပြီး စိတ်ကျေနပ်လောက်စရာ အဖြေတွေရှိသလား။
- လျှောက်လွှာတင်ဖို့ကိုပဲ တစ်ဖက်သတ် အလျင်စလိုလုပ်နေသလား။
- ပညာတော်သင်သွားခြင်းရဲ့ ကောင်းကျိုးတွေကိုသာမက အခက်အခဲတွေနဲ့ပတ်သက်ပြီးပါ ရှင်းပြသလား။

## ပညာတော်သင်ကာလအတွင်း အချိန်ပိုင်းအလုပ်

နေထိုင်ခွင့်အမျိုးအစား "ပညာတော်သင်" ကျောင်းသားကျောင်းသူများသည် ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဌာနစသည်တို့တွင် "သတ်မှတ်နေထိုင်ခွင့်အမျိုးအစား၏ ပြင်ပလုပ်ဆောင်မှုများတွင်ပါဝင်ခွင့်" ကိုလျှောက်ထားခြင်းဖြင့် တစ်ပတ်လျှင် ၂၈ နာရီအထိ အချိန်ပိုင်းအလုပ်လုပ်ခွင့်ပြုထားပါသည်။

ကိုယ်ပိုင်ငွေကြေးနှင့် ကျောင်းတက်ကြသည့် နိုင်ငံခြားကျောင်းသားကျောင်းသူများ၏ ၆၅% ခန့်သည် အချိန်ပိုင်းအလုပ်ကို လုပ်နေလျက်ရှိပြီး တစ်လပျမ်းမျှဝင်ငွေမှာ ယန်း ၈၁,၀၀၀ (အမေရိကန်ဒေါ်လာ ၅၄၀) ခန့်ဖြစ်ပါသည်။ အချိန်ပိုင်းအလုပ်တစ်ခုတည်းနှင့် ကျောင်းလခ၊ နေထိုင်စရိတ်အားလုံးကို မကာမိနိုင်သောကြောင့် နိုင်ငံခြားတွင် ကျောင်းတက်သည့်အခါ အချိန်ပိုင်းအလုပ်အပေါ် အားမကိုးသည့် ငွေကြေးစီမံချက်ကို ပြုလုပ်ထားပါ။

**"ဂျပန်ပညာတော်သင်ကာလအတွင်း ပိုက်ဆံရှာနိုင်သည်။" ဟု အလေးပေးပြောသည့် အေဂျင်စီများကို သတိထားရန်!**

| | | |
|---|---|---|
| တစ်နာရီလျှင် ယန်း ၃,၀၀၀ ရနိုင်သည်။ | ✕ | ပုံမှန်မှာ ယန်း ၁,၃၀၀ ခန့်သာရှိသည်။ |
| ပညာတော်သင်ကာလအတွင်း အချိန်ပိုင်းအလုပ်ဖြင့် လစဉ် ယန်း ၃၀၀,၀၀၀ ရှာနိုင်သည်။ | ✕ | အချိန်ပိုင်းအလုပ်ကရနိုင်သည့် ငွေပမာဏမှာ တစ်လလျှင် ယန်း ၈၁,၀၀၀ ခန့်သာ ရှိပါသည်။ |

# INFORMATION

## ဂျပန်ပညာတော်သင်ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက်

ဂျပန်ပညာတော်သင်ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက်မှာကတော့ ဂျပန်ပညာတော်သင်အတွက် ပြင်ဆင်ဖို့ ဆက်လက်လုပ်ဆောင်နည်းတွေ၊ ဂျပန်ကျောင်းတွေ၊ နေထိုင်မှု အချက်အလက်တွေ၊ ပညာတော်သင်ဆု အချက်အလက်တွေ စတဲ့ ဂျပန်ပညာတော်သင်သွားဖို့ လိုအပ်တဲ့အချက်အလက်တွေကို တင်ထားပါတယ်။ စိတ်ဝင်စားတဲ့ အထူးပြုနယ်ပယ်နဲ့ အတန်းတွင်းသုံး ဘာသာစကား၊ ကျောင်းရဲ့ တည်နေရာစတဲ့အချက်တွေကနေပြီး ကိုယ့်ဆန္ဒနဲ့ ကိုက်ညီတဲ့ ကျောင်းကို ရှာဖွေနိုင်ပါတယ်။

ဂျပန်မှာ ကျောင်းတက်ချင်တဲ့လူတွေနဲ့ ပညာတော်သင်သွားမယ့် ကျောင်းကို ရှာနေတဲ့သူတွေရော ပညာတော်သင်သွားချင်ပေမဲ့ တွေဝေနေတဲ့သူတွေရော၊ ပညာတော်သင်သွားမယ့်နိုင်ငံကို ရှာဖွေနေတဲ့သူတွေပါ ဂျပန်ပညာတော်သင်ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက်ကို ဆက်ဆက် ဝင်ရောက်ကြည့်ရှုပေးကြပါ။




ဂျပန်ပညာတော်သင်ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက်
https://www.studyinjapan.go.jp/en/

### ဂျပန်ပညာရေးပွဲတော်

ကျောင်းကတာဝန်ခံတွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး ပညာတော်သင်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို နားထောင်နိုင်တဲ့ အဖိုးတန်အခွင့်အရေးပါ။ နှစ်စဉ်အွန်လိုင်း(သို့)ပြင်ပတွင်လည်း ကျင်းပလျက်ရှိပါတယ်။ အားလုံးရဲ့ပါဝင်ဆင်နွှဲမှုကိုစောင့်မျှော်နေပါတယ်။ အသေးစိတ်အချက်အလက်တွေကို ဂျပန်ပညာတော်သင်ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုဒ်မှာ အတည်ပြုစစ်ဆေးကြပါ။

ဂျပန်ပညာရေးပွဲတော်
https://www.studyinjapan.go.jp/en/events

## JASSO နိုင်ငံခြားရုံးခန်း

JASSO ၏ နိုင်ငံခြားရုံးခွဲ ၅ရုံးမှာ လူကိုယ်တိုင်သွားရောက်၍လည်းကောင်း၊ ဖုန်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ ပညာတော်သင်ဆွေးနွေးခြင်းနှင့် ဂျပန်ပညာတော်သင်နှင့် ပတ်သက်သည့် ကိုးကားစရာအချက်အလက်များကို လေ့လာဖတ်ရှုနိုင်ပါတယ်။



**Thai**

1016/3, 10F Serm-mit Tower, 159 Asok - Montri Rd., Bangkok 10110 THAILAND


Tel : (+66) 2-661-7057
E-mail : info@jeic-bangkok.org
Web : https://www.jeic-bangkok.org/
Facebook : https://www.facebook.com/JASSO.Thailand
Instagram: https://www.instagram.com/jasso.thailand/



**Korea**

#702 Garden Tower, 84 Yulgok-ro, Jongno-gu, Seoul 03131 Republic of KOREA

Tel : (+82) 2-765-0141
E-mail : jasso@jasso.or.kr
Web : https://www.jasso.or.kr/
Facebook : https://www.facebook.com/JASSO.Korea
Instagram : https://www.instagram.com/jasso.korea/



**Indonesia**

2nd Floor, Summitmas Tower II, Jalan Jenderal Sudirman Kav. 61-62, Jakarta 12190 INDONESIA

Tel : (+62) 21-252-1912
E-mail : info@jasso.or.id
Web : http://www.jasso.or.id/
Facebook : http://www.facebook.com/jasso.Indonesia
Instagram : https://www.instagram.com/jasso.indonesia/
WhatsApp : https://api.whatsapp.com/send?phone=62212521912



**Vietnam**

4th Floor, Corner Stone Building, 16 Phan Chu Trinh, Hoan Kiem, Honoi, VIETNAM

Tel : (+84) 24-3710-0226
E-mail : info@jasso.org.vn
Web : https://www.jasso.org.vn/
Facebook : https://www.facebook.com/JASSO.Vietnam



**Malaysia**

A-7-5, Northpoint Offices, Mid Valley City, No.1, Medan Syed Putra Utara, 59200 Kuala Lumpur, Malaysia

Tel : (+60) 3-2287-0812
E-mail : enquiry@studyinjapan.org.my
Web : https://www.studyinjapan.org.my/
Facebook : https://www.facebook.com/JASSO.KL/



# Q&A

**Q.** ဂျပန်နိုင်ငံရဲ့ကျောင်း မှာတက်ရောက်ခဲ့ဖူးပါတယ်။ နိုင်ငံခြားသားဝင်ခွင့်စာမေးပွဲ ဖြေဆိုဖို့ လျှောက်ထားနိုင်ပါသလား။

**A.** ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့်ရှိမရှိကိုတော့ ကျောင်းကစီစစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အထက်တန်းကျောင်းကို အောင်မြင်ထားသူ၊ နိုင်ငံခြားသားဖြစ်ပြီး နိုင်ငံသားကဒ်ကို ပိုင်ဆိုင်ထားသူတို့ဟာလည်း နိုင်ငံခြားသားဝင်ခွင့်စာမေးပွဲအတွက် လျှောက်ထားနိုင်သူ ဟုတ်မဟုတ်ကို လျှောက်ထားမည့် ကျောင်းတွင်မေးမြန်းပါ။

**Q.** ဘွဲ့လွန်တက္ကသိုလ်ဝင်ခွင့် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်ပြီး ပြောပြပေးပါ။

**A.** ဝင်ခွင့်အရည်အချင်းစစ်ဆေးပြီး၊ သုတေသနအစီအစဉ်ရေးသားကာ၊ ကျောင်းဘက်သို့လျှောက်ထားရမည့် စာရွက်စာတမ်းများစစ်ဆေးမှုတို့ကို လုပ်ဆောင်ရပါမယ်။ ပညာရေးအကြံပေးပုဂ္ဂိုလ်ကို ပုံမှန်အားဖြင့် မိမိကိုယ်တိုင်ရှာဖွေရန်လိုအပ်ပြီး၊ ကျောင်းမလျှောက်ထားခင်မှာ ပညာရေးအကြံပေးပုဂ္ဂိုလ်ဆီမှ လက်ခံကြောင်း သဘောတူညီချက်ကို ရယူထားရန်လိုအပ်တဲ့ ကျောင်းများလည်းရှိတဲ့အတွက် ကြိုတင်ပြီး အတည်ပြုပါ။

**Q.** ကျောင်းလျှောက်ထားချိန်နှင့် စာရွက်စာတမ်း၊ ဝင်ခွင့် အကြောင်းအရာများကို ဘယ်လိုမျိုးရှာဖွေလို့ရမလဲ။

**A.** ကျောင်းလျှောက်ထားခြင်းနှင့် ကျောင်းဝင်ခွင့်စာမေးပွဲ နှင့် စပ်လျဉ်း၍ အသေးစိတ်ကို ကျောင်းရဲ့ ဝက်ဘ်ဆိုက် (သို့) လျှောက်လွှာခေါ်ယူခြင်းကဏ္ဍ စသည်တို့တွင် ရေးသားဖော်ပြထားပါတယ်။ လျှောက်ထားရန်ဆန္ဒရှိတဲ့ကျောင်းကို ဆုံးဖြတ်ပြီးပါက ကြိုတင်၍ ကျောင်းဝက်ဘ်ဆိုက်နှင့် လျှောက်လွှာတင်ရန် လိုအပ်ချက်များကဏ္ဍတို့တွင် အတည်ပြုပါ။

**Q.** အထက်တန်းပညာသင်ပရိုဂရမ်၊ ပညာသင်ဆုနှင့် ပတ်သက်ပြီး ပြောပြပေးပါ။

**A.** အောက်ဖော်ပြပါ အဖွဲ့အစည်းများတွင် အထက်တန်းကျောင်း ပညာသင်သွားခြင်းနှင့်ပတ်သက်သည့် ထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

- AFS Intercultural Programs URL: https://afs.org/
  ※ Find AFS in your country မှ မိမိနိုင်ငံရှိ ရုံးခန်းသို့ ဆက်သွယ်မေးမြန်းပေးပါ။
- YOUTH For UNDERSTANDING URL: https://yfu.or.jp

ကျောင်းသားများအားလုံးအတွက် ဂျပန်ပညာသင်သွားရောက်ရာ၌ အထောက်အပံ့ဖြစ်စေနိုင်ဖို့ကို မျှော်မှန်းလျက်ရှိပါသည်။

## Japan Student Services Organization (JASSO) ၏ ပညာသင်ကျောင်းသားများအတွက် ပံ့ပိုးပေးလျက်ရှိသောလုပ်ငန်းများ။

- ပညာသင်ဆုထောက်ပံ့ခြင်း
- ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ(EJU) ကို ကျင်းပပေးခြင်း
- ပညာသင်ယူရန်အတွက်အချက်အလက်များ စုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်း
- ဂျပန်ဘာသာသင်ကြားခြင်း
- အဆောင်ထောက်ပံ့ခြင်း


{ တည်းဖြတ်ခြင်းနှင့်ထုတ်ဝေခြင်း }
Independent Administrative Institution
Japan Student Services Organization (JASSO)
International Student Division
Study Abroad Information Division
〒135-8630 Tokyo-to,Kōtō-Ku, Aomi 2-2-1
Email: infoja@jasso.go.jp
Tel: (+81)3-5520-6111
Web: https://www.studyinjapan.go.jp/en/
Facebook : https://www.facebook.com/profile.php?id=100092715664950
Instagram : https://www.instagram.com/jasso_study_in_japan/

Independent Administrative Institution
JASSO Japan Student Services Organization